## 【အရေးကြီး】 စာမေးပွဲဖြေဆိုစဉ် သတိပြုဖွယ်အချက်များ＜စာမေးပွဲမတိုင်မီ စစ်ဆေးထားရမည်＞

**(အထွေထွေအဖွဲ့အစည်း) နိုင်ငံခြားသား စားသောက်ကုန်ထုတ်လုပ်ငန်းကျွမ်းကျင်မှု အကဲဖြတ်အဖွဲ့အစည်း**

စာဖြေဌာနသို့ရောက်ရှိချိန်တွင် ကိုယ်အပူချိန်တိုင်းပါမည်။ 37.5 ဒီဂရီစင်တီဂရိတ်နှင့်ထက်ရှိသူရှိပါက တူညီသောအဖွဲ့က အလုပ်သင်လုပ်သား၊ စာမေးပွဲဖြေဆိုသူနှင့်လိုက်ပါပို့ဆောင်သူများအပါ အားလုံးပြန်လည်လွှတ်စေခြင်းခံရပါမည်။ (စာမေးပွဲဖြေဆိုမည့်ရက်စွဲအား ပြန်လည်ချိန်းဆိုပြီးနောက် စာမေးပွဲပြန်လည် ဖြေဆိုနိုင်မည်)

**ကိုယ်အပူချိန်တိုင်းတာခြင်းပြီးစီးပါက ဤ【စာမေးပွဲဖြေဆိုစဉ် သတိပြုဖွယ်အချက်များ】၏အမှတ်စဉ် 1 နှင့် 2 အား စာမေးပွဲဖြေဆိုသူထံ၊ အမှတ်စဉ် 3 အား လိုက်ပါပို့ဆောင်သူထံသို့ ပြောကြားပေးရမည်။**

**<u>1. အဝတ်လဲခြင်း၊ တန်ဖိုးကြီးပစ္စည်းများအား ထိန်းသိမ်းခြင်းနှင့်ပတ်သက်၍</u>**

(1) တန်ဖိုးကြီးပစ္စည်းများသည် မိမိတာဝန်ဖြင့်ထိန်းသိမ်းရမည်။ နေရာပြောင်းရွှေ့ချိန်တွင်ပစ္စည်းများအား မိမိနှင့်အတူတပါတည်း ယူဆောင်သွားရမည်။

(2) ပစ္စည်းများမေ့ကျန်၊ ကျပျောက်ခြင်းမရှိစေရန် အထူးသတိပြုပါ။

(3) စမတ်ဖုန်းစသည့် ဆက်သွယ်ရေးပစ္စည်းများအားလုံးကို စက်ပိတ်၍ အိတ်ထဲသို့ထည့်ထားပါ။ စက်ပိတ်မထားနိုင်သည့်သူများသည် လိုက်ပါပို့ဆောင်သူထံတွင်အပ်နှံထားပါ။

(4) လက်ပတ်နာရီ၊လက်စွပ်၊လည်ဆွဲ၊နားကပ်စသည့် အဆင်တန်ဆာများအားလုံးကိုချွတ်၍ အိတ်ထဲသို့ထည့်ပါ။

(5) လုပ်ငန်းသုံးဝတ်စုံ လဲလှယ်ဝတ်ဆင်သည့်အခါတွင် အပေါ်ထပ်အင်္ကျီနှင့် ဘောင်းဘီသာ လဲလှယ်ဝတ်ဆင်ပါ။ (စာမေးပွဲဖြေဆိုချိန်တွင် ဦးထုပ်နှင့်လက်အိတ်ဝတ်ဆင်ခြင်း ဆောင်ရွက်မည်။ ယခုမဝတ်ဆင်ထားပါနှင့်)

(6) လုပ်ငန်းသုံးဝတ်စုံ၏ အိတ်ကပ်ထဲတွင် မည်သည့်အရာမှ မထည့်ပါနှင့်။

(7) စာမေးပွဲကြီးကြပ်သူမှညွှန်ကြားထားသည့်နေရာတွင် အဝတ်လဲလှယ်ဝတ်ဆင်ပါ။

(8) Wheelchair အမှတ်အသားပါရှိသည့်သန့်စင်ခန်းအား အသုံးမပြုပါနှင့်။ သန့်စင်ခန်းထဲတွင် စကားပြောခြင်းနှင့် အဝတ်လဲခြင်းတို့အား တားမြစ်ထားပါသည်။

(9) စာဖြေဌာနတွင် ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးခြင်းအား တားမြစ်ထားပါသည်။

**<u>2. စာဖြေဆိုစဉ် သတိပြုဖွယ်အချက်များ</u>**

(1) အခြား စာဖြေဆိုသူများထံမှအဖြေအား ကြည့်ရှုခြင်းမပြုရ။

(2) လေ့လာထားသည့်စာရွက်များ၊ မှတ်စုစာအုပ်၊ **မှတ်တမ်း**များစသည်တို့အား ကြည့်ရှုခြင်းမပြုရ။

(3) တစ်ကိုယ်တည်းရေရွတ်ခြင်း၊ ဘေးပတ်ဝန်းကျင်မှလူများနှင့် စကားပြောခြင်းမပြုရ။

(4) မိမိထိုင်ခုံမှထပြီး ထွက်သွားခြင်းမပြုရ။

(5) စာမေးပွဲမေးခွန်းအား စာမေးပွဲဖြေဆိုခွင့်လက်မှတ်၊ ကိုယ်ပိုင်လက်စသည်တို့ပေါ်သို့ ကူးယူခြင်းမပြုရ။

(6) အခြားသောစာဖြေသူများအား အဖြေပြောပြခြင်း၊ ကူညီခြင်းမပြုရ။

(7) စာဖြေဆိုနေစဉ်တွင် စာမေးပွဲကြီးကြပ်သူ၏လမ်းညွှန်မှုအားလိုက်နာပါ။ စာမေးပွဲကြီးကြပ်သူမှ မညွှန်ကြားမီ ကြိုတင်ဆောင်ရွက်ခြင်းမပြုရ။ မိမိသဘောဖြင့် လှုပ်ရှားဆောင်ရွက်မှုများသည် အမှတ်လျှော့ခံရသည့် အကြောင်းရင်းများဖြစ်**နိုင်သည်**။

(8) မမှန်ကန်သောအပြုအမူ၊ ပြဿနာဖြစ်စေသောအပြုအမူများရှိပါက ပယ်ချခံရမည်။ ထိုအနေအထားမျိုးတွင် နောက်တစ်ဖန်ပြန်လည်၍ ဖြေဆိုခွင့်မရနိုင်ပါ။ ထို့ကြောင့် သေချာစွာ သတိပြုပါ။

(9) စာဖြေဆိုနေစဉ်တွင် နေထိုင်မကောင်းဖြစ်ပါက တွန့်ဆုတ်မနေဘဲ စာမေးပွဲကြီးကြပ်သူထံသို့ အသိပေးပါ။

(10) လျှော၊ မီးလောင်ခြင်းစသည့် ဘေးအန္တရာယ်များဖြစ်ပွားချိန်တွင် စာမေးပွဲကြီးကြပ်သူ၏ လမ်းညွှန်မှုအား လိုက်နာ၍ အေးဆေးတည်ငြိမ်စွာ လှုပ်ရှားဆောင်ရွက်ပါ။

**3. လိုက်ပါပို့ဆောင်သူထံသို့ မေတ္တာရပ်ခံချက်**

(1) စမတ်ဖုန်းများအား အသံတိတ် "Silent Mode" ပြုလုပ်ထားပေးပါ။

(2) အချက်အပြုတ်ဆိုင်ရာစာမေးပွဲတွင်ထွက်ရှိလာသောအမှိုက်များအား မိမိကုမ္ပဏီသို့ပြန်လည်ယူဆောင်သွားပြီး စွန့်ပစ်ရန် မေတ္တာရပ်ခံပါသည်။

(3) အရေးပေါ်အချိန်တွင် အဆက်အသွယ်ပြုလုပ်နိုင်ရန်အတွက် စောင့်ဆိုင်းနေရာတွင် စောင့်နေပါ။ နေရာမှထွက်သွားလိုပါက စာမေးပွဲကြီးကြပ်သူအား အသိပေးပါ။